# နအဖ ထုတ်ပြန်သော
# ရွေးကောက်ပွဲဥပဒေများအပေါ် သုံးသပ်ချက် (နိဂုံး)
# (၁၇ - ၇ - ၂၀၁၀)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ( နအဖ ဥပဒေအမှတ် ၃/၂၀၁၀ )**
ဤဥပဒေသည် ကျန်ဥပဒေနှစ်ရပ်ဖြစ်သည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ (နအဖ ဥပဒေအမှတ် ၄/၂၀၁၀) နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နအဖ ဥပဒေအမှတ် ၅/၂၀၁၀) တို့နှင့် ပြဋ္ဌာန်းချက်များမှာ အတူတူပင် ဖြစ်သည်။
လွှတ်တော်ကိုယ်စားလှယ် အရေအတွက်သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အသက်နှင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ သတ်မှတ်ချက်တချို့မှလွဲ၍ ကျန်ပြဋ္ဌာန်းချက်များမှာ ဇါသည်မလွဲ အတူတူပင် ဖြစ်သည်။ သို့ပါ၍ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအပေါ် သုံးသပ်ခြင်းဖြင့် ကျန်ဥပဒေများလည်း အကျုံးဝင်သွားပါလိမ့်မည်။

နအဖ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ နိုင်ငံတော်ကို တိုင်းဒေသကြီး (၇) ခု ပြည်နယ် (၇) ခုနှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်ပုံမှာ၊ အခြေခံအားဖြင့် မဆလ ၁၉၇၄ ဖွဲ့စည်းပုံအတိုင်း ဖြစ်သည်။ တိုင်း/ပြည်နယ် အောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု (၆) ခု (နာဂ၊ ဓနု၊ ပအိုဝ့်၊ ပလောင်၊ ကိုးကန့်၊ ဝ) ထားရှိသည်ဟု ဆိုသည်။

ပြည်ထောင်စုနယ်မြေဆိုသည်မှာ နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် မြို့တော်နေပြည်တော် (ခရိုင်) နှင့် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးအရ ထူးခြားသည့် နယ်မြေများကို ဥပဒေပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် နယ်မြေများဟု ဆိုသည် (၂၀၀၈ ပုဒ်မ ၅၀၊ က၊ ခ)။ သို့ဖြင့် နောက်ထပ် ပေါ်ပေါက်လာနိုင်စရာရှိသည့် ပြည်ထောင်စုနယ်မြေဆိုတာ ဘာလဲဆိုသည်မှာ မရှင်းပါ။ မတည်မငြိမ်ဖြစ်နေသည့် နယ်စပ်ဒေသတွေလား၊ ရေနံသိုက် သတ္တုသိုက် ကျောက်မျက်ရတနာသိုက်တွေလား၊ နျူကလီးယားဒေသလား စသဖြင့် မရှင်းပါ။

၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်သုံးရပ်အတွက် ကိုယ်စားလှယ်ပေါင်း (၃၃၀ + ၁၆၈ + ၆၆၀ ခန့် = ၁၁၅၈ ခန့်) ရွေးကောက်ရမှာ ဖြစ်သည်။ တပြည်လုံးလက္ခဏာဆောင်သော National Chamber ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော် + အမျိုးသားလွှတ်တော်) နှင့် ဒေသလက္ခဏာဆောင်သော Regional Chamber တိုင်း/ပြည်နယ် လွှတ်တော်ဟု ခွဲပါသည်။

နအဖ ၏ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံမှာ အခြေခံအားဖြင့်ပင်လျှင် ပြဿနာရှိနေပါသည်။ ဦးစွာအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခွဲခြားပုံမှာ ဒေသန္တရလက္ခဏာအရ ခွဲခြားခြင်းလား အမျိုးသားလက္ခဏာအရ ခွဲခြားခြင်းလား မကွဲပြားပါ။ ပြည်နယ်များကို အမျိုးသားလက္ခဏာအရ ခွဲခြားတာမှန်ရင် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်) အတွင်းသဘော ပါရှိရပေမည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် တိုင်းနှင့်ပြည်နယ်အလိုက် လွှတ်တော်၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့များ ဖန်တီးထားသော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အနှစ်သာရ မပါရှိပါ။
(ရွေးကောက်ပွဲဝင်စရာမလိုတဲ့၊ အကွက်ချစီစဉ်ထားတဲ့) စစ်ဗိုလ်လူထွက်သမ္မတ၏ လက်အောက်ခံပြည်နယ်လေးများ အသွင်သာ ဆောင်နေပါသည်။

ဒုတိယအချက်အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအရ လွှတ်တော်သုံးရပ်စလုံးတွင် စစ်ဗိုလ်တမတ်သား (၂၅%) ပါဝင်နေခြင်းသည် အလွန်ရုပ်ပျက်ဆင်းပျက်နိုင်နေပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဆိုတာမှာပင် စစ်ဗိုလ်တမတ်သား ပါနေသည်။
ဤသို့ အမျိုးသားလက္ခဏာနှင့် ဒေသန္တရလက္ခဏာ၊ စစ်အာဏာရှင်အုပ်ချုပ်ရေးနှင့် အရပ်သားဒီမိုကရေစီအုပ်ချုပ်ရေးကို (သဏ္ဍာန်အရ) ကမောက်ကမ ရောမွှေပြီး၊ စစ်ဗျူရိုကရက်အာဏာရှင်စနစ်ကို ထာဝစဉ်တည်တံ့အောင် ကြံဆောင်ခြင်းဖြစ်သဖြင့်၊ ရုပ်ဆင်းပျက်နေရခြင်း ဖြစ်သည်။ အတုအယောင်အမျိုးသားညီလာခံနှင့် အဓမ္မနာဂစ်ဆန္ဒခံယူပွဲတို့မှ ပေါ်ပေါက်လာသည့် အကျိုးဆက် (ဆိုးမွေ) လည်း ဖြစ်ပါသည်။

နောက်ထပ် ရက်ဖွယ်ကောင်းသော လုပ်ရပ်မှာ နအဖ စစ်အစိုးရက ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ဤဥပဒေ (ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ၃/၂၀၁၀ ပုဒ်မ ၉၁) ဖြင့် ဖျက်သိမ်းပြီး ၁၉၉၀ လွှတ်တော်ခေါ်ဖို့ ပျက်ကွက်ခြင်း (၁/၉၀ ကို အကောင်အထည်မဖော်ခြင်း) သည် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ပြောင်မထေမဲ့မြင်ပြုရာရောက်ရုံတင်မက ဥပဒေကြောင်းအရ ကတိကဝတ်ချိုးဖောက်ခြင်းလည်း ဖြစ်သဖြင့် သမိုင်းကြောင်းအရ အမဲစက်ထင်ပေလိမ့်မည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် အခန်းပေါင်း ၁၆ ခန်းနှင့် ပုဒ်မပေါင်း ၉၁ ခု ပါဝင်သည်။ နအဖ ၏ အမျိုးသားညီလာခံ၊ ၂၀၀၈ ဆန္ဒခံယူပွဲ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တိုင်းပြည်၏ အရင်းခံနိုင်ငံရေးပြဿနာများကို ပြေလည်အောင်ဖြေရှင်းခဲ့ခြင်းမရှိဘဲ စစ်အစိုးရ၏ နိုင်ငံရေးလောဘနှင့် ထွင်လုံးများဖြစ်သည့် (အရေးသုံးပါး၊ အမျိုးသားနိုင်ငံရေးတွင် တပ်မတော်၏ဦးဆောင်မှု၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ) ဆိုသည်ကို အဓမ္မဖော်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခု ရွေးကောက်ပွဲဥပဒေများတွင် ပြဿနာတွေ တပုံကြီးထင်ဟပ်လျက် ရှိနေပါသည်။

ယခု ပုဒ်မတခုချင်းစီကို သုံးသပ်ကြည့်ကြစို့။

ပုဒ်မ ၆၊ က။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဟု ဆိုသည်။ ၎င်းတို့သည် ပါတီတည်ထောင်ခွင့်လည်း ရှိသည်(နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၄၊ က)။ (သို့ရာတွင်) ရွေးကောက်ခံပိုင်ခွင့် မရှိ (ပုဒ်မ ၁၀၊ ၃)။ ငြိမ်းအဖွဲ့များကို ရည်ညွှန်းဟန် ရှိပါသည်။ ပြည်တွင်းစစ်ရပ်စဲပြီး အမျိုးသားညီညွတ်ရေး တည်ဆောက်ရေးအတွက် နိုင်ငံရေးပြဿနာများကို နည်းမှန်လမ်းမှန် ညှိနှိုင်းဖြေရှင်းခြင်း မရှိသည့်အတွက် ယခုလို ကမောက်ကမဖြစ်နေတာပါ။

အခန်း (၅) ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိသူများ။ အရှုပ်ထွေးဆုံးနှင့် ပြဿနာအများဆုံးအခန်း ဖြစ်သည်။

ပုဒ်မ ၈၊က၊၂။ နိုင်ငံတော်တွင် တဆက်တည်း အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူဖြစ်မှ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။ ပြည်ပရောက် အတိုက်အခံများကို ရည်ညွှန်းပုံရပါသည်။ ပြည်ပရောက် ဒီမိုကရေစီ အင်အားစုအများစုက နအဖ ၏ အတုအယောင် ရွေးကောက်ပွဲကို စိတ်ဝင်စားကြခြင်း မရှိသည့်အတွက် ပူစရာမရှိပါ။ NGO အမည်ခံ ပြည်တော်ပြန် တတိယလိုင်း အလံရှူးများ ကိုယ့်အဆင့်အတန်း ကိုယ်သိဖို့ပဲ ဖြစ်ပါသည်။

ပုဒ်မ ၁၀ ။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများအဖြစ်

ပုဒ်မခွဲ (က) ထောင်ဒဏ်ကျခံနေရသူ။ နအဖ စစ်အစိုးရက ကြိုက်သလို အမှုဆင် ဖမ်းဆီးထောင်ချနေတာ အားလုံးအသိ ဖြစ်ပါသည်။ ချဲထီ၊ မူးယစ်ဆေးဝါး၊ ယာဉ်တိုက်မှု၊ ဝတ္တရားနှောင့်ယှက်မှု၊ ကုန်ကုန်ပြောရရင် ဧည့်စာရင်းမတိုင်မှုဖြင့်ပင် ဖမ်းဆီးထောင်ချနိုင်သော အခြေအနေ၊ လွတ်လပ်သော တရားရေးစနစ် ကင်းမဲ့နေသော အခြေအနေတွင် ဤပုဒ်မ၏ ထိရောက်မှုကို စဉ်းစားကြည့်နိုင်ပါသည်။

ပုဒ်မခွဲ (ခ) လွှတ်တော်ကိုယ်စားလှယ် အရည်အချင်း ပျက်ယွင်းစေသောပြစ်မှု၊ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်း၊ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း (ဝါကျက ရှုပ်ရှုပ်ထွေးထွေးနှင့် အရှည်ကြီးပါ၊ လိုရင်းကိုပဲ ပြန်ရေးပြတာပါ)။ စွဲချက်ကတော့ ကြီးပါသည်။ ဘာတွေဆိုလိုသလဲဆိုတာကတော့ ဥပဒေတခုလုံး အခေါက်ခေါက် ဖတ်ကြည့်တာတောင် မရှင်းလှပါ။ တခုခုနဲ့ငြိစွန်းတယ်လို့ အကြောင်းပြပြီး တားမြစ်နိုင်သည့် ယေဘုယျပြဋ္ဌာန်းချက် ဖြစ်နေသည်။

ပုဒ်မခွဲ (စ) နိုင်ငံခြားအစိုးရ၏ ကျေးဇူးခံ သြဇာခံ လက်အောက်ခံ သို့မဟုတ် တိုင်းတပါး၏ နိုင်ငံသား။ ပုဒ်မခွဲ (ဆ) အထက်ပါပုဂ္ဂိုလ်တို့၏ ခံစားရသော အခွင့်အရေးများ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ။ ရေးသားထားတာတွေက ဥပဒေစကားလုံး မဟုတ်ဘူး။ နိုင်ငံရေးတံဆိပ်ကပ်သော စကားလုံးတွေသာ ဖြစ်ပါသည်။ တပ်ချုပ်ကြီး၏ နှုတ်ကပါဌ်တော်အတိုင်း လိုက်ရေးထားပုံရပါသည်။ တိုင်းတပါးတို့ နယ်ချဲ့တို့ဆိုတာ ဘိုးတော်ဘုရားခေတ်က အသုံးအနှုန်းတွေပါ။ ဗမာပြည်ဟာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်နေပြီပဲ။ ယခုထက်ထိ နိုင်ငံခြားကြောက်သူငယ်နာ မစင်သေးဘူး။ (နိုင်ငံခြားသားအဖြစ် ခံယူထားသူလို့ဆိုရင် ရှင်းပါသည်။)

ပုဒ်မခွဲ (ဇ) နိုင်ငံခြားတိုင်းပြည်တခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတခုခု သို့မဟုတ် ပုဂ္ဂိုလ်တဦးဦးထံမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့အထောက်အပံ့ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ။ (နိဘယ်လ်ဆုလိုဟာမျိုးကို ပြောတာလား၊ နိုင်ငံခြားကုမ္ပဏီလခစားကို ပြောတာလား၊ NGO တွေကို ပြောတာလား၊ အားလုံးကို ပြောတာလား)။ ယနေ့လို ကမ္ဘာမှုခေတ် တံခါးဖွင့်စီးပွားရေးနှင့် ဈေးကွက်စီးပွားရေးခေတ်တွင် နိုင်ငံခြားနှင့် ကူးလူးဆက်ဆံခြင်းမှာ အထူးအဆန်း မဟုတ်ပါ။ တည်ဆဲတရားဥပဒေ ဘောင်ထဲက ဆက်ဆံခြင်းဟာ ပြစ်မှုမဟုတ်ပါ။ အဓိကကျသည့်အချက်မှာ ရွေးကောက်ပွဲဝင်မည့်ပုဂ္ဂိုလ်သည် ထိုအလုပ်များမှ နုတ်ထွက်ပြီး ဖြစ်ရမည် အထောက်အပံ့ရယူသူ မဖြစ်ရဟုဆိုလျှင် ရှင်းပါသည်။

ပုဒ်မခွဲ (ဍ) နိုင်ငံ့ဝန်ထမ်း။ ကြံ့ဖွံ့ပါတီခေါင်းဆောင်များသည် နိုင်ငံ့ဝန်ထမ်းမဟုတ် နိုင်ငံရေးခေါင်းဆောင်ဖြစ်သည်ဟု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးသိန်းစိုးက ဆိုသည်။ သို့ဆိုလျှင် ကြံ့ဖွံ့ပါတီသည် လက်ရှိအာဏာရ incumbent နိုင်ငံရေးပါတီလည်းဖြစ်၊ ၂၀၁၀ မှာ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီလည်းဖြစ်သဖြင့်၊ နိုင်ငံတော်ယန္တရားနှင့် နိုင်ငံတော်မှ (ရှင်းအောင်ပြောရလျှင် စစ်အစိုးရထံမှ) အထောက်အပံ့ကို ရယူသုံးစွဲသူ၊ တနည်းအားဖြင့် ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားပြုသူ အလွဲသုံးစားပြုသည့် အဖွဲ့အစည်းဝင်ဖြစ်သူ

မဟုတ်ပါလော။ (ဤသို့ မဖွယ်မရာ မဖြစ်အောင် အာဏာသိမ်း စစ်ကောင်စီ နအဖ ဥက္ကဋ္ဌ အနေဖြင့် ဥပဒေ နည်းဥပဒေ လုပ်ထုံးလုပ်နည်း အမိန့်ကြော်ငြာစာ အမိန့် ညွှန်ကြားချက် စသည်ဖြင့် မထုတ်သင့်ပါသလော)

ပုဒ်မခွဲ (ပ) မတရားသင်း၊ အကြမ်းဖက်အဖွဲ့အစည်း၊ သောင်းကျန်းသူများနှင့် ဆက်သွယ်ကြောင်း ခိုင်လုံသော အထောက်အထားရှိသူ။
ဗမာပြည်လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေး ပျက်ပြားခဲ့သည်။ ဒီမိုကရေစီ တစတစ ဆိတ်သုဉ်းခဲ့သည်။ စစ်တပ်က အာဏာသိမ်းခဲ့သည်။ စစ်ဗျူရိုကရက်လူတန်းစား ပေါ်ပေါက်ခဲ့သည်။ လူထုအုံကြွမှုတွေ လူထုတိုက်ပွဲတွေ ပေါ်ပေါက်ခဲ့သည်။ တိုင်းပြည်ဟာ အဆင်းရဲဆုံးအဆင့်သို့ လျှောကျခဲ့သည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဖက်ဖက်က ကျဆင်းခဲ့သည်။ သယံဇာတတွေလျှော့ပါး သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးကြရသည်။ ဤအခြေအနေမှာ နအဖ စစ်အုပ်စုထိပ်သီးများသည် အာဏာကို အရူးအမူးဖက်တွယ်ပြီး၊ (၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီဖြစ်သည့်) NLD - CRPP က ကမ်းလှမ်းသည့် တွေ့ဆုံဆွေးနွေးရေးကို ဆင်ခြင်တုံတရားမဲ့စွာ တဖက်သတ်ငြင်းပယ်နေသမျှ ကာလပတ်လုံး၊ တိုင်းပြည်သည် ကမ္ဘာ့အလယ်မှာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတနိုင်ငံဖြစ်ဖို့ မဖြစ်နိုင်ပါ။ စစ်အစိုးရက တံဆိပ်တပ်သည့် (တနည်းအားဖြင့် ဖန်တီးလိုက်သည့်) မတရားသင်း အကြမ်းဖက်အဖွဲ့အစည်း သောင်းကျန်းသူဆိုတာတွေ မရေမတွက်နိုင်အောင် ပေါများကြီးထွားလာဖို့သာ ရှိပါသည်။ ရှေ့လျှောက်လည်း တတိုင်းတပြည်လုံး မတရားသင်း အကြမ်းဖက်အဖွဲ့အစည်း သောင်းကျန်းသူတွေ ဖြစ်လာပါလိမ့်မည်။ ဤပုဒ်မအရ ဗမာပြည်နိုင်ငံရေးပြဿနာ ဘယ်လောက်နက်ရှိုင်းတယ်၊ တွေ့ဆုံဆွေးနွေး နိုင်ငံရေးနည်းနဲ့ စုပေါင်းအဖြေရှာဖို့ ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ဖော်ပြနေပါသည်။

ပုဒ်မ (၁၁)။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေသောအချက်များအဖြစ် ၁၂ ချက် (က မှ ဌ အထိ) ဖော်ပြထားသည်။ ပုဒ်မ (၁၀) ပါပြဋ္ဌာန်းချက်များကို ပြန်လည်ဖော်ပြထားခြင်း ဖြစ်သည်။ အကယ်၍ အရွေးခံရလျှင်တောင် တခုခုနှင့်ငြိစွန်းသည်ဟု အကြောင်းပြ၍ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိဟု ပယ်ဖျက်နိုင်စေရန် လုပ်ထားခြင်း ဖြစ်ပုံရပါသည်။ ဒီနေရာမှာ အောက်ပါပုဒ်မခွဲနှစ်ခုက ဘာကိုဆိုလိုမှန်း မသဲကွဲရုံမက နိုင်ငံသားဖြစ်မှု လူပုဂ္ဂိုလ်အခွင့်အရေးအပေါ် ပိတ်ပင်ဟန့်တား ထိပါးရာရောက်နေပါသည်။
ပုဒ်မ (၁၁) ပုဒ်မခွဲ (င) သက်ဆိုင်ရာဥပဒေအရ နိုင်ငံသားအဖြစ်မှ ရပ်စဲသွားကြောင်း သတ်မှတ်ခံရခြင်း။ ပုဒ်မခွဲ (စ) မွေးဖွားစဉ်က မိဘတပါးပါးဖြစ်စေ၊ နှစ်ပါးစလုံးဖြစ်စေ နိုင်ငံသား မဟုတ်ကြောင်း သက်ဆိုင်ရာ၏ သတ်မှတ်ခံရခြင်း။ ဗမာပြည်မှာ တိုင်းရင်းသားလူမျိုး တမျိုးမျိုးမှ ပေါက်ဖွားတာ မဟုတ်သော (တရုတ် ကုလား ကပြား စသည်ဖြင့်) ဗမာပြည်ပေါက် နိုင်ငံသားတချို့ ရှိကြပါသည်။ ၎င်းတို့ဟာ ပဒေသရာဇ်ခေတ် ကိုလိုနီခေတ်ကတည်းက ရှိနေကြတာပါ။ တချို့ဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ လွတ်လပ်ရေးတိုက်ပွဲများမှာ ပါဝင်အသက်ပေးလှူခဲ့ကြတာပါ။ ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို (လိုတမျိုး မလိုတမျိုး) ရုပ်သိမ်းချင်တာလား။ နိုင်ငံရေးအမြင် ကွဲလွဲသည့်အတွက် (ဥပမာ။ ဒေါက်တာဆလိုင်းထွန်းသန်းကဲ့သို့) နိုင်ငံသားအခွင့်အရေးကို ပိတ်ပင်ချင်တာလား။ ဒီပုဒ်မများသည် လူ့အခွင့်အရေးအရလည်းကောင်း လူမျိုးရေးအရလည်းကောင်း ခွဲခြားဖိနှိပ်နိုင်ရန် ပြဋ္ဌာန်းထားသလို ဖြစ်နေပါသည်။ ရှေ့မှာ ပုဒ်မ (၅) ကဲ့သို့ ဤပုဒ်မ၏ (မတော်မတရား) အစွန်းထက်ပုံကို မြင်တွေ့ရဖွယ် ရှိနေသည်။

ပုဒ်မ (၁၂)။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိမရှိကို ခုံအဖွဲ့ဖွဲ့၍စစ်ဆေးရန် ကော်မရှင်အား အာဏာကုန် ပေးထားခြင်း ဖြစ်ပါသည်။

အခန်း (၈) တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ။
ပုဒ်မ (၃၃) တမတ်သား စစ်ဗိုလ်ကိုယ်စားလှယ်တွေနှင့် ပတ်သက်လျှင်မူ ကော်မရှင်တွင် ဘာအာဏာမှမရှိ ဖြစ်ရပြန်သည်။ ကာကွယ်ရေးဦးစီးချုပ်က ကြိုက်သလို ခန့်၊ ဖြုတ်၊ လဲလှယ်၊ အစားထိုး စတာတွေကို စောဒကတက်ခွင့်မရှိ ခိုင်းသည့်အတိုင်း ကြေညာချက်ထုတ်ပြန်ပေးရသည့် စာရေးကြီးအဆင့်သို့ လျှောကျသွားသည်ကို ယခုပုဒ်မတွင် တွေ့ရပြန်ပါသည်။

အခန်း (၉) ရွေးကောက်ပွဲကျင်းပခြင်း။
ပုဒ်မ (၃၄) ပုဒ်မခွဲ (က)။ ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်ကို ကြိုတင်၍ သတ်မှတ်ကြေညာရမည်။ ဘယ်လောက်ကြိုတင်စောပြီး ကြေညာရမည်ဆိုသည့် ပြဋ္ဌာန်းချက် မပါပါ။ သူတို့ မီးစဉ်ကြည့်ကနိုင်အောင် တမင်ဟာထားခြင်း ဖြစ်သည်ဟု ထင်ပါသည်။ ၂၀၁၀ နှစ်ဝက် ကျိုးသွားပြီ။ ယခုထိ ရွေးကောက်ပွဲရက်ကို မသတ်မှတ်နိုင်သေးပါ။ ရွေးကောက်ပွဲဝင်ဖို့ လျှောက်ထားသည့် နိုင်ငံရေးပါတီတချို့လည်း ယခုထက်တိုင် ခွင့်ပြုချက်မရသေးဟုလည်း ကြားရပါသည်။
ဒီနေရာမှာ ကော်မရှင် နှင့် နအဖ ဘယ်သူက ရွေးကောက်ပွဲကို ဦးစီးကျင်းပတာလဲ။ တော်တော် ကမောက်ကမဖြစ်နေပုံ ရပါသည်။ ကော်မရှင်က ရွေးကောက်ပွဲကို ဦးစီးကျင်းပပြီး နိုင်ငံရေးပါတီများကို ကြီးကြပ်ဖို့ တာဝန်ရှိသည်ဟု (သဏ္ဌာန်အရ) ပုံဖော်ထားသော်လည်း၊ အာဏာသိမ်း နအဖ စစ်အစိုးရက ကြားနေတာ မဟုတ်ပါ (အသွင်ကူးပြောင်းရေး ကြားဖြတ်အစိုးရလည်း မဟုတ်ပါ)။ စစ်ဗိုလ်တမတ်သားက အလိုအလျောက် အမတ်ဖြစ်မည်။ လောလောလတ်လတ် ဘောင်းဘီချွတ် စစ်ဗိုလ်လူထွက်များက အာဏာလက်ရှိဘဝနဲ့ (ဝန်ကြီးချုပ်၊ ဝန်ကြီးများဘဝနဲ့) ကြံ့ဖွံ့ပါတီဖွဲ့ပြီး ရွေးကောက်ပွဲဝင်မည်။ ကျန်စစ်ခေါင်းဆောင် ထိပ်သီးများက "လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ" ဆိုသော ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ စာပိုဒ်အရ သမ္မတ ဒုသမ္မတ ဝန်ကြီး ဝန်ကြီးချုပ်များစသည် (အလိုအလျောက်နီးပါး) ဖြစ်မည်။ (သရော်တဲ့သဘောနဲ့

ရေးတာမဟုတ်ဘဲ အရှိအတိုင်းပြောရလျှင်) လက်ရှိတပ်ချုပ်ကြီးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၁၀ အလွန်မှာ နားမှာလား၊ နိုင်ငံတော်သမ္မတကြီး တက်လုပ်မှာလား။ (ကျွန်တော့ဖလား ဘောလုံးပွဲထက် ပိုပြီးစိတ်ဝင်တစား လောင်းကြေးထပ်ဖို့ ကောင်းပါသည်)။
ရွေးကောက်ပွဲရက် မကြေညာနိုင်သေးတာဟာ စစ်အစိုးရမှာ အကျပ်အတည်းရှိနေသေးကြောင်း၊ ကော်မရှင်အနေနဲ့ အထက်အမိန့် မရသေးကြောင်း၊ လွတ်လပ်မှုမရှိကြောင်း ပေါ်လွင်ပါသည်။

ပုဒ်မ (၄၁၊က)။ မဲဆန္ဒနယ်တနယ်တွင် ကိုယ်စားလှယ်လောင်း တဦးတည်းသာရှိလျှင် ထိုပုဂ္ဂိုလ်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာရမည်။ လွှတ်တော်သုံးရပ်အတွက်  ကိုယ်စားလှယ်ပေါင်း ၁၁၅၈ ကို အပြည့်အဝနေရာတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပါတီမှာ ကြံ့ဖွံ့ နှင့် တစည သာ ရှိမည်ထင်ပါသည်။ တစည တောင် နေရာတိုင်း ဝင်ပြိုင်နိုင်မည် မပြိုင်နိုင်မည် မသေချာပါ။ ဝင်ပြိုင်မည့် ကိုယ်စားလှယ်လောင်း တယောက်အနေဖြင့် ပြိုင်ခကျပ်ငါးသိန်း ပေးရမည် ဖြစ်သည်။ နိုင်နိုင်ရှုံးရှုံး ၎င်းငွေ ပြန်မရတော့ပါ။ ရွေးကောက်ပွဲ ဝင်ရတာ   ငွေထုပ်ပိုက်ပြီး လောင်းကစားရတာနှင့် တူနေသည်။ ဤသို့ မဖြစ်သင့်ပါ။ ယှဉ်ပြိုင်သူမရှိလည်း မဲပေးစေသင့်ပါသည်။ တကောင်ထည်း ပြေးသူအတွက် သတ်မှတ်နှုန်းတခု ထားသင့်ပါသည်။ (နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်အနိုင်ကျင့်ပြီး ပြိုင်ဘက်မရှိအောင် ညစ်နိုင်ပါသည်)
 မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်း မပြည့်လျှင် (မဲမပေးလျှင်) ရွေးကောက်ပွဲ အထမမြောက်ဟုသာ သတ်မှတ်သင့်သည်။ (ပုဒ်မ ၅၀၊ က၊ ခ၊ ဂ) အရ သဘာဝဘေးအန္တရာယ်  လုံခြုံရေးအခြေအနေတို့ကြောင့် ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိလျှင်၊ ၎င်းမဲဆန္ဒနယ် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်။ သို့မဟုတ် လုံခြုံသည့် တနေရာသို့ ပြောင်းရွှေ့ကျင်းပလျှင် မဲဆန္ဒရှင်အားလုံး၏ ၅၁ ရာခိုင်နှုန်းက ဆန္ဒမဲပေးပြီးဖြစ်လျှင် အထမြောက်သော ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်သည် (၅၁ ရာခိုင်နှုန်းမပြည့်လျှင် အထမမြောက်) ဆိုသည့်ပြဋ္ဌာန်းချက်နှင့် အညီသာ ဖြစ်သင့်ပါသည်။

ပုဒ်မ (၅၃)။ ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် (final & conclusive) ဖြစ်စေရမည်။ (ကော်မရှင်အား ဗီတိုအာဏာ အပ်နှင်းခြင်း ဖြစ်သည်)
ပုဒ်မ(၅၄)။ ကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။ (ကော်မရှင်အနေနှင့် စစ်အုပ်စုအလိုကျ ရွေးကောက်ပွဲရလဒ် ပေါ်ထွက်အောင် လိုအပ်သလို လိမ်ခွင့်ညစ်ခွင့် ဖန်ခွင့် ပေးထားခြင်း ဖြစ်သည်)

နိဂုံးချုပ်အနေနှင့် တင်ပြလိုသည်မှာ စစ်အစိုးရအနေဖြင့် နာဂစ်ဆန္ဒခံယူပွဲတုန်းက အာဏာပြပြီး ဘယ်နည်းဘယ်ပုံ ၂၀၀၈ ကို အခမ္မ အတည်ပြုခဲ့သလဲ ဆိုသည်ကို အားလုံးအသိ ဖြစ်ပါသည်။ ယခု ၂၀၁၀ ရွေးကောက်ပွဲဥပဒေများတွင်  တရားမျှတသည့်အသွင် ပေါ်လွင်အောင် (အပြကောင်းအောင်) ဘယ်နည်းဘယ်ပုံကျင်းပမည် ဆိုသည့်အချက်များ ထည့်သွင်းရေးဆွဲထားသော်လည်း၊ သူတို့အလိုကျ ရလဒ် မပေါ်ထွက်လျှင် ညစ်ပေလိမ့်ဦးမည်။
ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အကဲခတ်အဖွဲ့များ၏ ကမ်းလှမ်းမှုကိုလည်း ငြင်းပယ်ထားပေသည်။ (ယခုပင်လျှင် တချို့ပါတီများကို တစ်ထားတာ၊ စည်းရုံးခွင့်ကို ကန့်သတ်တာ၊ ပုံနှိပ်ထုတ်ဝေခွင့်ကို စိစစ်တာ၊ မဲပေးခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေးကို ခြိမ်းခြောက်တာ စသည်ဖြင့် မြင်တွေ့နေရပြီ ဖြစ်ပါသည်)။ စစ်အစိုးရခွင့်ပြုသည့် တရားဥပဒေဘောင် (တနည်းအားဖြင့် ဒီမိုကရေစီအခွင့်အရေး) အတွင်း လိုက်လျောညီထွေ နေမည့်အစား၊ မိမိတို့၏ တရားတဲ့အခွင့်အရေးအတွက် တင်ပြတောင်းဆို တိုက်ပွဲဝင်သင့်ပေသည်။ (ပြီး)

www.cpburma.org